ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်

ဖမ်းဆီးထိန်းသိမ်းခံများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် ဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးခြင်း

(၁) အာဏာသိမ်း စစ်ကောင်စီ နှင့် ၎င်း၏ လက်ပါးစေများမှ မတရားသဖြင့် ဖမ်းဆီးထိမ်းသိမ်းခံနေရသည့် အမျိုးသမီးများ အပေါ် စစ်ကြောမေးမြန်းရာတွင် လိင်အကြမ်းဖက်နှောက်ယှက်မှု နှင့် လိင်မှုဆိုင်ရာ အမြတ်ထုတ်မှုများ ဖြစ်ပေါ်နေခြင်းအပေါ် ကျွန်ုပ်တို့ဝန်ကြီးဌာန အနေဖြင့် အနေဖြင့် အပြင်းအထန် ရှုတ်ချသည်။ ကျွန်ုပ်တို့ အနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ တိုင်ကြားမှုများစွာကိုလည်း လက်ခံရရှိခဲ့ပြီး အမျိုးသမီးများအပေါ် ညှင်းပန်းနှိပ်စက်ခြင်း ၊ နှုတ်ဖြင့်အကြမ်းဖက်ခြင်း ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဒဏ်ရာအနာတရ ပြင်းထန်စွာရရှိစေရန် ရိုက်နှက်ခြင်း၊ အထူးသဖြင့် လွန်ခဲ့သောရက်ပိုင်းတွင် မတရားဖမ်းဆီးထိန်းသိမ်းထားသော အမျိုးသမီးငယ်တစ်ဦးအား စစ်ဆေးမေးမြန်းရာနေရာတွင်ပင် မုဒိန်းကျင့်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ဖမ်းဆီးခံရသော အမျိုးသမီးများအပေါ်လည်း လုံခြုံရေး တပ်ဖွဲ့ဝင်များမှ အတင်း အဓမ္မ ကပြဖျော်ဖြေခိုင်းခြင်းနှင့် အခြား အကြမ်းဖက်အရှက်ခွဲသည့် ကျူးလွန်ခြင်း တို့ကို ပြုလုပ်ခဲ့ကြောင်းလည်း ကြားသိရပါသည်။ အခြားဖြစ်စဉ်တစ်ခုတွင် အမျိုးသမီးတစ်ဦးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလွန်အကျွံ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုကြောင့် ကိုယ်ဝန်ပျက်ကျသည်အထိ ကြုံတွေ့ခဲ့ရသည်ကိုလည်းကြားသိရပါသည်။

(၂) ကျွန်ုပ်တို့ ကြားသိနေရသော အထက်ပါ ဖြစ်ရပ်များသည် ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် လူနည်းစုများအပေါ် မြန်မာစစ်တပ်မှ တာဝန်ယူမှု တာဝန်ခံမှုကင်းမဲ့စွာ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသည်ကို ညွှန်ပြနေကြောင်း သုံးသပ်ရပါသည်။ ၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂမှ စေလွှတ်ခဲ့သည့် လွပ်လပ်သော အချက်လက်ရှာဖွေရေးမစ်ရှင်

(**IIFFMM**) မှ ကောက်နုတ်ချက်များအရ မြန်မာစစ်တပ်မှ လူနည်းစု လူမျိုးစုများဖြစ်သော အမျိုးသမီး၊ မိန်းကလေးငယ်များ၊ အမျိုးသားများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သည့် မုဒိမ်းကျင့်ခြင်း ၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း၊ လိင်ကျွန်စနစ်ကျင့်သုံးခြင်းနှင့် အခြား လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်းများကို စနစ်တကျ ကျယ်ပြန့်စွာကျူးလွန်ခဲ့သည်ဟု တွေ့ရှိခဲ့ရပါသည်။ **IIFFMM** ၏ တင်ပြချက်များအရ အဆိုပါ ပြစ်မှုများသည် လူသားများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအဖြစ် အထမြောက်နိုင်ပြီး၊ ဂျနီဗာ သဘောတူညီချက်ကိုလည်း ချိုးဖောက်ရာရောက်ပါသည်။ မြန်မာစစ်တပ် သည် မုဒိမ်းမှုကို လက်နက်သဖွယ် အသုံးချနေပြီး ပြည်သူလူထုနှင့် အထူးသဖြင့် လူနည်းစုများ အား အကြမ်းဖက်ခြိမ်းခြောက်နေကြောင်း တိုင်းရင်းသားပြည်တွင်း အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်တမ်းများ ရရှိထားပါသည်။

(၃) ဤကဲ့သို့ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ တို့၏ ၂၀၁၈ ပူးတွဲကြေညာချက်အား ဖြောင်ကျကျတင်းမာစွာ စစ်ကောင်စီမှ ချိုးဖောက်နေမှုများအပေါ် ကျွန်ုပ်တို့အနေဖြင့် များစွာ စိုးရိမ်မိပါသည်။ အဆိုပါပူးတွဲကြေညာချက်သည် ကုလသမဂ္ဂအဖွဲ့၏ ၂၁၀၆ (၂၀၁၃) မူဘောင်အရ ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး မြန်မာစစ်တပ်သည် အချိန်သတ်မှတ်ချက်တစ်ခုအတွင်း ရှင်းလင်းပြတ်သားသည့် အမိန့်များထုတ်ပြန်ကာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တားဆီးရန်၊ တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ဆောင်ရွက်ရန် နှင့် အဆိုပါ စွဲဆိုချက်များကို အချိန်တိုအတွင်း စစ်ဆေးပေးရန် ဆောင်ရွက်ပေးရမည်ဟု ပါဝင်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ နှင့် တာဝန်ရှိသူများမှ ကျူးလွန်သူများအား ရာထူးအဆင့်အတန်းမရွေး တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်၊ အာဏာသိမ်း စစ်ကောင်စီမှ ကျူးလွန်နေသည့် လိင် နှင့် ကျား/မ ဆိုင်ရာ အကြမ်းဖက်မှုများအပေါ် လျင်မြန်စွာ စုံစမ်းစစ်ဆေးပေးရန် ကျွန်ုပ်တို့အနေဖြင့် အထူးတိုက်တွန်းတောင်းဆိုအပ်ပါသည်။ ထို့အပြင် လက်ရှိမြင့်တက်လျှက်ရှိသော အခြေနေများအရ စစ်ကောင်စီမှ အရပ်သားပြည်သူများအပေါ် မတရားကျူးလွန်သော လိင်မှုဆိုင်ရာ အမြတ်ထုတ်မှုများ အပြင် အခြားသော အကြမ်းဖက်မှုပေါင်းများစွာကို နိုင်ငံတကာအဖွဲ့အစည်းများ နှင့် တာဝန်ရှိသူများအနေဖြင့် လျင်မြန်ထိရောက်စွာနှင့် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ပေးရန်လိုအပ်သည်ဟု ယူဆပါသည်။

(၄) ထို့ကြောင့် ကုလမဂ္ဂ အတွင်းရေးမှူး နှင့် တာဝန်ရှိသူများအား အထက်ပါမတရားလုပ်ရပ်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားရန်နှင့် အရပ်သားပြည်သူများအပေါ် ကာကွယ်ပေးရန် တိုက်တွန်း တောင်းဆိုအပ်ပါသည်၊ ဤကဲ့သို့ တောင်းဆိုရာ၌ မြန်မာနိုင်ငံတွင်း စစ်အကြမ်းဖက်လုပ်ရပ်များကို တားဆီးရန် နှင့် ပြည်သူများအပေါ် လုံခြုံမှုရှိစေရန် ရည်ရွယ်ချက်ဖြင့် လာရောက်မည့် ကုလသမဂ္ဂကိုယ်စားလှယ်၏ တရားဝင်ခရီးစဉ်ကိုလည်း ရည်ညွှန်းပါသည်။

(၅) ကျွန်ုပ်တို့ ဝန်ကြီးဌာနသည် ကုလသမဂ္ဂ လုံခြုံရေး ကြေညာစာတမ်း အမှတ် ၁၃၂၅ (UN Security Council resolution 1325) နှင့် သက်ဆိုင်ရာကြေညာချက်များ၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ်နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်စာချုပ် အပါအဝင်

အပြည်ပြည်ဆိုင်ရာ ဥပဒေများ နှင့် လူ့အခွင့်အရေးကြေညာစာတမ်း များနှင့် အညီ လိင်နှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကို လုံးဝဥဿုံ လက်သင့်မခံသည့် မူဝါဒကျင့်သုံးလျက်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကုလသမဂ္ဂ အပါအဝင် ပဋိပက္ခဒေသတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် မြန်မာနိုင်ငံတွင်း လူ့အခွင့်ရေးဆိုင်ရာစောင့်ကြည့်ရေး အထူးကိုယ်စားလှယ်၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းပပျောက်ရေး ကော်မတီ၊ အာဆီယံ အမျိုးသမီးနှင့် ကလေးငယ် စောင့်ရှောက်ရေး နှင့် ထောက်ပံ့ရေး ကော်မတီ နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအား အမျိုးသမီးများ နှင့် ကလေးသူငယ်များ ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ မတရားသဖြင့် ကျူးလွန်မှုများ ထပ်မံမဖြစ်စေရန်အတွက် ကျွန်ုပ်တို့ ဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်ရန်ဖိတ်ခေါ်အပ်ပါသည်။ကျူးလွန်သူများအနေဖြင့် တာဝန်ခံမှုရှိစေရန်၊ ချိုးဖောက်ခံရသူများဘက်မှ ရပ်တည်၍ တရားမျှတမှုရရှိစေရန်၊ အခြားလိုအပ်သော ဆေးဘက်ဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ရရှိစေရန် ကျွန်ုပ်တို့အားလုံးထံတွင် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့ဝန်ကြီးဌာန အနေဖြင့် အနိုင့်အထက် ပြုကျင့်ခံရသူများအတွက် တရားမျှတမှုရရှိစေရန်အတွက် သက်သေအထောက်အထားများ စုဆောင်းသွားမည်ဖြစ်ပြီး အဆိုပါ အမှုကိစ္စများကို ဆက်လက် စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ဝန်ကြီးဌာန အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် အမြတ်ထုတ် နှောင့်ယှက်မှု ကျူးလွန်ခံရသူများ ၊ ရှင်သန်ကျန်ရစ်သူများ နှင့်အတူ ရပ်တည်လျက်ရှိပြီး အမျိုးသမီး၊ လူငယ်များ နှင့် ကလေးငယ်များအပေါ်ကျူးလွန်မှုများ ပပျောက်စေရန် နှင့် ကျူးလွန်သူများ အနေဖြင့် တာဝန်ခံမှုတာဝန်ယူမှု အပြည့်အဝရှိစေရန် ပြည်သူများသို့ ကတိကဝတ်ပြုပါသည်။

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ